ဒေါ်အောင်ဆန်းစုကြည် ချက်ချင်းလွှတ်

ဒေါ်အောင်ဆန်းစုကြည် ချက်ချင်းလွှတ်

# ဒေါ်အောင်ဆန်းစုကြည်
# (၆၅) နှစ်မြောက်မွေးနေ့

## ဒေါ်အောင်ဆန်းစုကြည်၏ အမြင်သဘောထား

ရေးဆွဲထားတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ရေရှည်မှာ တိုင်းပြည်ရဲ့ပြဿနာကို မပြေလည်စေဘူး။

တိုင်းပြည်အတွက် အမှန်တကယ် အဓိပ္ပါယ်ပြည့်ဝတဲ့ ရွေးကောက်ပွဲ ဖြစ်ဖို့ရာအတွက် မဲပေးကြမယ့် မဲဆန္ဒရှင် ပြည်သူတွေ အနေနဲ့ စစ်အစိုးရက ရေးဆွဲထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို သေသေချာချာ ဂဃနဏ သိရှိအောင် ကြိုးစားဖို့ လိုအပ်တယ်။

ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ မဲဆန္ဒရှင် တယောက်က ရွေးကောက်ပွဲ လုပ်ရတဲ့အကြောင်း၊ ရွေးကောက်ပွဲရဲ့ အခြေခံ၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အဲဒါတွေကို သိရှိအောင် ကြိုးစားသင့်တယ်။ အကယ်၍ သိရှိဖို့ အခွင့်အရေး မရဘူး မသိရှိဘူးဆိုရင် အဲဒီမဲဆန္ဒရှင်ရဲ့ မဲပေးမှုဟာလည်း ဘာမှ အဓိပ္ပါယ်ရှိမှာ မဟုတ်ဘူး။

ရုံးတွေက ဆိုင်းဘုတ်တွေ ဘာတွေကတော့ ကိုယ့်ဆိုင်းဘုတ်ကိုယ် မချနိုင်ဘူး။ ဒီလို ပါတီကို ပျက်ပြယ်စေတယ် ဆိုတာလည်း တပ်မတော် အစိုးရကလုပ်တဲ့ ဥပဒေပဲ၊ အဲတော့ ကိုယ့်ဆိုင်းဘုတ်ကိုယ် ဖြုတ်တာမျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး။

(၂၄-၄-၂၀၁၀ ရက်နေ့တွင် ဦးဉာဏ်ဝင်းမှတဆင့် ပြောကြားလိုက်သော အမြင်သဘောထားများမှ ....)




## လိမ်လည်လှည့်ဖျား စော်ကားရာရောက်တယ်

ရွေးကောက်ပွဲလုပ်ပေးပြီးရင် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးဖို့လည်း လိုပါသေးတယ်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည် မဖော်ပေးတာဟာ ပြည်သူတရပ်လုံးကို လိမ်လည်လှည့်ဖျား စော်ကားရာ ရောက်တယ်။

**ဒေါ်အောင်ဆန်းစုကြည်**
၁၉၉၈ ခုနှစ်၊ မေလ ၂၈ ရက်

**အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ**

## မွေးနေ့ဂုဏ်ပြုလှုပ်ရှားမှုကော်မတီ၏ တောင်းဆိုချက်များ

- ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်မြောက်ရေး
- NLD, CRPP နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ဆုံးဖြတ်ချက်များ ရပ်တည်ချက်များကို ထောက်ခံရေး
- တရားမျှတမှု မရှိသော ၂၀၁၀ ရွေးကောက်ပွဲဥပဒေများကို ဆန့်ကျင်ရေး
- ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်သပိတ်မှောက်ရေး

မွေးနေ့ဂုဏ်ပြုလှုပ်ရှားမှုကော်မတီမှ ထုတ်ဝေဖြန့်ချိသည်။
ဇွန်လ ၁၉ ရက်၊ ၂၀၁၀ ခုနှစ်



အာဏာပိုင်တွေဟာ မိမိတို့သဘောမကျတဲ့ ရွေးကောက်ပွဲရလဒ်တွေဆိုရင် လျစ်လျူရှုလိုက်၊ လိုချင်တဲ့ ရလဒ်ဖြစ်လာနိုးနိုး ရွေးကောက်ပွဲအသစ်တွေကို ကျင်းပလိုက် လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့အနာဂတ်နဲ့ ကစားရာရောက်ပါလိမ့်မယ်။ တိုင်းပြည်ရဲ့အနာဂတ်ဆိုတာ ကစားရမယ့် အရာ မဟုတ်ပါဘူး။ တလေးတစားနဲ့ စောင့်ရှောက်သွားရမယ့် အရာသာဖြစ်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်**
၁၉၉၈ မေလ ၂၈ ရက်

ဒေါ်အောင်ဆန်းစုကြည် ချက်ချင်းလွှတ်

ဒေါ်အောင်ဆန်းစုကြည် ချက်ချင်းလွှတ်

ဒေါ်အောင်ဆန်းစုကြည် ချက်ချင်းလွှတ်

## ထိန်းသိမ်းခံရသော နှစ်ကာလများ

**ပထမအကြိမ်**
၁၉၈၉ ဇူလိုင် ၂၀ ရက်နေ့မှ
၁၉၉၅ ဇူလိုင် ၁၀ ရက်နေ့အထိ

**ဒုတိယအကြိမ်**
၂၀၀၀ စက်တင်ဘာ ၂၃ ရက်နေ့မှ
၂၀၀၂ မေ ၆ ရက်နေ့အထိ

**တတိယအကြိမ်**
၂၀၀၃ မေ ၃၀ ရက်နေ့မှ
ယနေ့အထိ





## ဒေါ်အောင်ဆန်းစုကြည်၏ မှာကြားချက် (၆) ချက်

(၁) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးဝလက်မခံနိုင်။ အဖွဲ့ချုပ်၏ ရွှေဂုံတိုင်ကြေညာချက်ကို ကိုင်စွဲထားရမည်။
(၂) တရားမျှတမှုမရှိ၊ တဖက်သတ်ရေးဆွဲထားသည့် ဥပဒေအရ မှတ်ပုံတင်ခြင်းကို လုံးဝလက်မခံနိုင်ပါ။ ဥပဒေပါ စည်းကမ်းချက်များမှာ ဒီမိုကရေစီနည်းမကျ။
(၃) အဖွဲ့ချုပ်သည် ကျမ၏ကိုယ်ပိုင်ပစ္စည်းမဟုတ်။ မည်သူတဦးတယောက်၏ ကိုယ်ပိုင်ပစ္စည်းလည်းမဟုတ်။
(၄) အဖွဲ့ချုပ်အတွင်း လူမွေးသည့်အလုပ်၊ လူမွေးသည်ဟု ယူဆနိုင်သည့် အလုပ်များ လုံးဝမကြိုက်၊ လက်မခံ။
(၅) ပြည်သူလူထုကို ပြောကြားလိုတာက မိမိတတ်နိုင်သလောက် ဒီမိုကရေစီရရှိရေး ကြိုးပမ်းမှုကို ဆက်လက်ဆောင်ရွက်သွားမည်။
(၆) အဖွဲ့ချုပ် ဖျက်သိမ်းခံရလျှင် အဖွဲ့ချုပ် ပျက်စီးသည်ဟု မယူဆ၊ ပျက်စီးခြင်းမဟုတ်။

(၂၉ - ၃ - ၂၀၁၀ ရက်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ အထူးအစည်းအဝေးသို့ ဦးဉာဏ်ဝင်းမှတဆင့် ပေးပို့လိုက်သော မှာကြားချက်)

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည့် ရည်မှန်းချက်လုပ်ငန်းစဉ်များ

(၁) မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွန်းရေး
(၂) လူ့အခွင့်အရေးများ အပြည့်အဝ ရရှိရေး
(၃) အာဏာရှင်ဆန်သော အစိုးရမျိုး နောင်ဘယ်သောအခါမှ မပေါ်ပေါက်ရလေအောင် ဒီမိုကရေစီအခြေခံအုတ်မြစ်များ ခိုင်မာစွာ ချမှတ်ရေး
(၄) တိုင်းရင်းသားညီအကိုများ နိုင်ငံရေးခွင့်တူညီမှုမှုရရှိပြီး ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ရေး
(၅) ပြည်သူလူထု၏ဘဝ ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို အကျိုးပြုနိုင်စေရေး

(၂၀၁၀ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ထုတ်ပြန်သော အဖွဲ့ချုပ်၏ ပြည်သူသို့ ပန်ကြားချက်မှ ....)

